BURMESE

Mr. Diijon DaCosta, Sr., *ဘုတ်အဖွဲ့ ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce, *ဒု ဥက္ကဋ္ဌ*
Mrs. Anna Hill
Mrs. Whitney McGinniss
Mrs. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District

Dr. Devon Q. Horton, *အထူးကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

ဩဂုတ်လ 16 ရက်၊ 2024

# DCSD သည် အားကစားအဆောက်အအုံများ နှင့်နောက်ထပ်ကျောင်းများ တိုဆီသို့ လက်နက်များ ရှာဖွေစစ်ဆေးခြင်းစနစ်အား တိုးချဲ့ခဲ့

*DCSD ဘောလုံးပွဲအားကစားကွင်း အားလုံးသည် ယနေ့ည တွင်နည်းပညာကို စတင်အသုံးပြုမည်ဖြစ်သည်*

(STONE MOUNTAIN, GA)— DeKalb ကောင်တီ ကျောင်းခရိုင်(*DCSD*) သည်*Evolv Express®* လက်နက်များ ရှာဖွေစစ်ဆေးခြင်းစနစ် အား ၎င်း၏ နောက်ထပ် အားကစားကျင်းပရာ နေရာများနှင့် ကျောင်းဝင်းများတို့ ဆီသို့ တိုးချဲ့ခြင်း အားဖြင့် 2024-25 စာသင်နှစ် အတွက် လုံခြုံရေးကိုတိုးမြှင့်ပေးပါသည်။

ခရိုင်တဝှမ်းရှိ အလယ်တန်းနှင့် အထက်တန်း ကျောင်း ပေါင်း 41 ကျောင်းတွင် စတင် မိတ်ဆက်ထားပြီးဖြစ်သော ဤအဆင့်မြင့်နည်းပညာကို ယခုအခါ ဘောလုံးပွဲအားကစားကွင်း ငါးခု၊ နောက်ထပ် အထက်တန်းကျောင်း ပရိုဂရမ် နှင့်စင်တာ ခြောက်ခု၊ နှင့် DCSD ၏ အမိကဌာနချုပ်များဖြစ်သည့် Stone Mountain ရှိ Robert R. Freeman စီမံအုပ်ချုပ်မှုနှင့် သင်ကြားပို့ချမှု ကွန်းပလက်စ် တွင် ထိထိရောက်ရောက်အသုံးပြုမည်ဖြစ်သည်။

ဤအချိန်မှစတင်ကာ၊ DCSD ဘောလုံးပွဲအားကစားကွင်း နှင့် ဘတ်စကက်ဘောအားကစား ပြိုင်ပွဲများတို့ကို တက်ရောက်သည့် ဧည့်သည်များတို့သည် Evolv စနစ်မှ ထောက်ပံ့ပေးသည့် တိုးမြှင့်ထားသောလုံခြုံမှုနှင့်အဆင်ပြေမှုတို့ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ပရော်ဖယ်ရှင်နယ်အားကစားကွင်းများ၊တေးဂီတဖျော်ဖြေပွဲကျင်းပရာ နေရာများ၊ကျောင်းများ နှင့် အခြားသောပြည်သူ့အဆောက်အအုံများ တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုထားပြီဖြစ်ကာ၊ ဤခေတ်မီဆန်းသစ်သောနည်းပညာသည် ခြိမ်းခြောက်မှုကို တိကျပြီး လျင်မြန်စွာ ရှာဖွေစစ်ဆေးနိုင်ရန်ဗှာ အစွမ်းထက်သောအာရုံခံနည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊နှင့် ကျယ်ပြန့် သော ကျင်းပရာနေရာအချက်အလက်များခွဲခြမ်းစိတ်ဖြာမှုစနစ်တို့အား အသုံးပြုနေပါသည်။

EVOLV လက်နက်များ ရှာဖွေစစ် ဆေးခြင်းစနစ် နှင့်ပတ်၍ လူအများစု ကြိုက်နှစ်သက်တဲ့အရာတစ်ခု က လူတစ်ယောက်ချင်းစီကို ရပ်တန့်စေခြင်း၊ သူတို့ရဲ့ အိတ်ကပ်များ သို့မဟုတ် အိတ်များ ထဲရှိပစ္စည်းများကို ထုတ်ခိုင်းခြင်း ၊ သို့မဟုတ် တန်းစီစောင့်ဆိုင်းခြင်း ကိုမပြုစေဘဲ လွပ်လပ်စွာ သွားလာခွင့် ပေးနေပါတယ်" ဟု DCSD ရဲအရာရှိ Tracey Whaley မှဆိုသည်။ "ကျွန်တော်တို့ ဒီလိုလုပ်နိုင်ပါတယ် ဘာလို့လဲဆိုတော့ ကျွန်တော်တို့မှာ ဘူတာရုံတွေကို အချိန်မှန် စောင့်ကြည့်နေတဲ့ အထူးလေ့ကျင့်ထားတဲ့ လုံခြုံ ရေးဝန်ထမ်းတွေရှိပြီး ဖြစ်နိုင်ခြေရှိတဲ့ မည်သည့်ခြိမ်းခြောက်မှုများ သို့မဟုတ် စိုးရိမ်မှုများ ကိုမဆို လျင်မြန်စွာ ဖော်ထုတ်ပြီး ဖြေရှင်းနိုင်ပါတယ်"

ခရိုင်က ၎င်း၏ အိတ်စစ်ဆေးကြည့်ရှုခြင်းမူဝါဒ ကို ဆက်လက် ကျင့်သုံးစေမည် ဟု အရာရှိ Whaley မှလည်း [DCSD အားကစားပွဲများ တက်ရောက်သူအားလုံးကို သတိပေးခဲ့သည်](#)။

Evolv Express® *အားတိုးချဲ့ခြင်းသည်* ၎င်း ၏ နံပါတ် တစ်ရည်မှန်းချက် တစ်ခုကိုဆက်လက်ထိန်းသိမ်းရန် DCSD၏ ကတိကဝတ် ဖြစ်သည့်- ကျောင်းသားများ၊ ဝန်ထမ်းများ၊ မိသားစုများ၊ နှင့်ဧည့်သည်များ အတွက် လုံခြုံသောပတ်ဝန်းကျင်များအား ဖန်တီးထိန်းသိမ်း ခြင်းဖြစ်သည်။

XXX